# ပြည်တွင်းတွင် ဖြစ်ပွားနေသော ပြဿနာများသည် ဖြေရှင်းရန်များ ရှိနေသေးကြောင်း သာသနာရေးဝန်ကြီးဆို

သတင်းရင်းမြစ် > ဂျွန်ချစ်ငြိမ်း
သောကြာနေ့၊ အောက်တိုဘာလ ၂၅ ရက် ၂၀၁၃ ခုနှစ် ၀၉ နာရီ ၁၁ မိနစ်

ပြည်တွင်းတွင် လက်ရှိဖြစ်ပွားနေသော ပြဿနာများသည် အဆုံးသတ်မှုမရှိသေးဘဲ ဖြေရှင်းစရာများ ကျန်နေသေးပြီး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်မှုများလုပ်ရန် လိုအပ်သည်ဟု သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က အောက်တိုဘာ ၂၃ တွင် ပြောသည်။

ဝန်ကြီးက ယင်းသို့ ပြောကြားခြင်းမှာ တောင်ကြီးမြို့၊ မူလ မင်းကွန်းကျောင်းတိုက်တွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်၊ မြို့နယ် သံဃနာယက ဆရာတော်များ သာသနာရေးရာမူဝါဒဆိုင်ရာများ လျှောက်တင်မှုပြုလုပ်သည့် အခမ်းအနားတွင် ပြောကြားခြင်း ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက "ယနေ့ ကျွန်တော်တို့ ဖြစ်ပွားနေတဲ့ ပြဿနာတွေဟာ မီးကြွင်းမီးကျန်တွေ ရှိနေသေးပါတယ်။ အမြစ်မပြတ်သေးပါဘူး။ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ဖို့ လိုအပ်ပါတယ်"ဟု ပြောသည်။

ဝန်ကြီးက "အောက်ခြေကို မရှင်းပြဘဲ အပေါ်ပိုင်းမှာ ကိုယ်တွယ် လုပ်ဆောင်ခဲ့တာတွေများလို့ ပြဿနာတွေ ပေါ်ပေါက်နေရခြင်း ဖြစ်တယ်။ လတ်တလော ပေါ်ပေါက်နေသော ရခိုင်အရေးအခင်းက အစပြုပြီးတော့ ကျွန်တော် တို့ နိုင်ငံ နေရာဒေသအနှံ့မှာ ပဋိပက္ခတွေ ပေါ်ပေါက်ခဲ့တယ်။ အဲသည်ကနေပြီးတော့ မိုင်းတွေ၊ ဗုံးတွေထောင်
ဖောက်ခွဲဖျက်ဆီးတဲ့ အခြေအနေတွေ ဖြစ်ပေါ်ခဲ့တယ်"ဟုလည်း သံဃနာယက ဆရာတော်များအား လျှောက်တင် ခဲ့သည်။ (function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js = d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1"; fjs.parentNode.insertBefore(js, fjs); }(document, 'script', 'facebook-jssdk')); Post by Mizzima - News in Burmese .